# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၃၆)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)**

**၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်**

**(၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေး၊"

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င)ကို ပယ်ဖျက်ပြီး ပုဒ်မခွဲ (စ)ကို ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (ဆ)ကို ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဇ)ကို ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဈ)ကို ပုဒ်မခွဲ (ဇ)အဖြစ် ပြောင်းလဲ သတ်မှတ်ရမည်။


၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ (က)(၁)တွင် အောက်ပါရှင်းလင်းချက်ကို ဖြည့်စွက်ရမည် -

"**ရှင်းလင်းချက်** ။ လွှတ်တော်သက်တမ်း တစ်ရပ်စီအတွက် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသော ပါတီသည် ယင်းလွှတ်တော်သက်တမ်းအတွင်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ၊ မဲဆန္ဒနယ် သုံးနယ်ထက်မနည်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ အနည်းဆုံး မဲဆန္ဒနယ် သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခြင်းသည် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်စေရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




**ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်မည့် ကမ္ဘာအေး မဟာ ပါသာဏ လိုဏ်ဂူ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## လူနာနှင့် လူနာရှင်များအား ပြုစုကုသဆက်ဆံရာ၌ ကျင့်ဝတ်၊ စေတနာနှင့် နွေးထွေးမှုတို့ကို အလေးထားစောင့်ရှောက်

## ပြုစုကုသမှုပေးရာ၌ ကုသမှုသာမက ကာကွယ်ရေးဖြစ်သည့် ကျန်းမာရေးပညာ ဖြန့်ဝေခြင်းပါ လုပ်ဆောင်

## ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုနှင့် သက်ဆိုင်သော သီးသန့်ဘာသာရပ်အထူးကုများ ပေါ်ပေါက်လာရေးဖော်ဆောင်

ရန်ကုန် နိုဝင်ဘာ ၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး တိုးချဲ့နိုင်ရေးအတွက် လမ်းမတော်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံများအား ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်၊ A1 ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ Golden Flower Co.,Ltd. နှင့် Original Group Co.,Ltd.တို့က တာဝန်ယူ ပြုပြင်တည်ဆောက်နေသော အဆောင်များနှင့် ပြုပြင်ပြီးစီးမှုလုပ်ငန်းများကိုလည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဇော်က အဆောက်အအုံပုံစံရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လိုအပ်သည်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) မြေနေရာအကျယ်အဝန်းနှင့် အဆောက်အအုံများအခြေအနေ၊ အဆောက်အအုံသစ်များ ဆောက်လုပ်ရန် လျာထားမှုများ၊ ပြုပြင်မွမ်းမံပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခုတင် (၅၀၀)ဆံ့ တိုးချဲ့ဆေးရုံကြီး ပြင်ဆင်ဆောက်လုပ်ပြီးစီးသွားပါက အဆောင်(၁) အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ဆောင်၊ ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ကုသဆောင်နှင့် ရင်ခေါင်းခွဲစိတ်ကုသဆောင်၊ အဆောင်(၂) ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ဌာန၊ အဆောင်(၃) ဆီးနှင့် ကျောက်ကပ်ဆေးကုဌာနနှင့် ရင်ခေါင်းဆေးကုဌာန၊ အဆောင်(၄) အသည်းဆေးကုနှင့် ခွဲစိတ်ဆောင်၊ အဆောင်(၅) အကြော၊ အဆစ် ဆေးပညာဌာနနှင့် ကင်ဆာဆေးကုဌာန၊ အဆောင်(၆) အုပ်ချုပ်မှုဆောင်နှင့် ဝန်ထမ်းအိမ်ရာများ စီစဉ်ထားရှိသွားမည်ဖြစ်ပြီး အဆောက်အအုံ အကြီးစားပြုပြင်မှု ကုန်ကျစရိတ်များကို ကုမ္ပဏီလေးခုက လှူဒါန်းသွားမည်ဖြစ်သည်။

### အားပေးစကားပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နံနက် ၉ နာရီ ၁၀ မိနစ်တွင် လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာ အထူးကုဌာနသို့ ရောက်ရှိပြီး အထူးကုပြင်ပလူနာဌာန၏ စိတ်ကျန်းမာရေး အထူးကုဌာနနှင့် အဆုတ်နှင့် ရင်ခေါင်းဆေးကုသအထူးကုဌာနရှိ လူနာများအား နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထို့နောက် အရေးပေါ်နှင့် ထိခိုက်ဒဏ်ရာကုဌာနရှိ ခွဲစိတ်စောင့်ကြည့် ကုသလူနာခန်း၊ ဓာတ်မှန်ခန်း၊ ကွန်ပျူတာဓာတ်မှန်ခန်း (CT Scan)၊ သံလိုက်ဓာတ်မှန်ခန်း (MRI)၊

*စာမျက်နှာ ၈ ကော်လံ ၁* ❍

မြန်မာ့အလင်း

**အယ်ဒီတာ့ အာဘော်**

(၂၀၁၁ ခုနှစ် နိုဝင်ဘာ ၅ ရက်)

# အာဟာရကြွယ်လှ ကျန်းမာခြင်းဘဝ ရနိုင်ကြစေ

လူတိုင်း ကျန်းမာကြံ့ခိုင် အသက်ရှည်စွာနေနိုင်ရေးအတွက် စားသောက်နေထိုင်မှုသည် အရေးကြီးသည်။ ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများနှင့်အညီ နေထိုင်စားသောက်ကြရန် လိုအပ်သည်။ စနစ်တကျ စားသောက်နေထိုင်ကြခြင်းဖြင့် ရောဂါဘယကင်းရှင်းပြီး အသက်ရှည်ကျန်းမာကြမည် ဖြစ်သည်။

နေ့စဉ် မှီဝဲစားသောက်နေသည့် အစားအစာများထဲတွင် ကျန်းမာရေးကို အထောက်အကူပြုမည့် အာဟာရဓာတ်များ ပါရှိသကဲ့သို့ ခန္ဓာကိုယ်အတွက် အဆိပ်အတောက်ဖြစ်လာမည့် အစားအစာများလည်း ပါဝင်နိုင်သည်။ ကျန်းမာရေးအတွက် အကောင်းဆုံးအစားအစာများမှာ အဓိကအားဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများဖြစ်ကြသည်။ သို့သော် ဤနေရာတွင် သတိပြုစရာအချက်များရှိလာသည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို စိုက်ပျိုးထုတ်လုပ်ကြရာတွင် အပင်ကြီးထွားဖို့၊ သီးနှံဖွံ့ထွားဖို့ ဓာတ်မြေဩဇာများကို သုံးကြရသည်။ အချို့ကလည်း ဓာတုဗေဒနည်းဖြင့် ပြုပြင်ကြသည်။ အချို့ကလည်း မိရိုးဖလာနည်း၊ သဘာဝနည်းအတိုင်း ဓာတ်မြေဩဇာမသုံးဘဲ စိုက်ပျိုးကြသည်။ မိရိုးဖလာနည်းဖြင့် စိုက်ပျိုးသူများကားနည်းသွားပြီ။ အများစုမှာ ဓာတ်မြေဩဇာကို အသုံးပြုလာကြသည်။

ဓာတ်မြေဩဇာဟူသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့အတွက် 'အာဟာရ' (သို့မဟုတ်) 'အား' ဖြစ်သော်လည်း လူတို့အတွက်မူ အဆိပ်အတောက်ဖြစ်စေသည်။

ထို့ကြောင့် အာဟာရဓာတ်ကြွယ်ဝသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများစားသုံးရာ၌ ရေနှင့်ဆား (သို့မဟုတ်) ရေနွေးနှင့် အသေအချာဆေးပြီးမှ စားသုံးရန်လိုအပ်သည်။ ဆိုးဆေးများ အသုံးပြုကာ ပြုပြင်ထားသော အစားအစာများကိုမူ လုံးဝစားသုံးရန်မသင့်ချေ။

အစားအစာများထဲတွင် စားသုံးရန်မသင့်သည့် တားမြစ်ဆိုးဆေးများ ပါဝင်နေပါက ပါဝင်မှုအချိုးအစားပေါ်မူတည်ပြီး မျက်စိ၊ လည်ချောင်းနှင့် နှာခေါင်းတို့ကို ယားယံစေသည့်အပြင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်း၊ အသည်း၊ ကျောက်ကပ်နှင့် အစာအိမ်လမ်းကြောင်းဆိုင်ရာရောဂါတို့ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

သဘာဝနည်းဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် အစားအစာများမှရရှိသော ဗီတာမင်များ၊ သတ္တုဓာတ်များသည် အာဟာရဓာတ် အပြည့်အဝပေးနိုင်ပြီး ဘေးထွက်ဆိုးကျိုးများလည်း မရှိပေ။

သို့သော် ယနေ့ကာလတွင် လူတို့အတွက် ကျန်းမာရေးနှင့် ညီညွတ်လှပါသည်ဆိုသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတို့သည်ပင်လျှင် အော်ဂဲနစ်အစားအစာများ ဟုတ်မဟုတ်သိနိုင်ရန် ခက်ခဲလှပေရာ ၎င်းတို့ကိုစားသုံးတိုင်း ရေနှင့်စင်ကြယ်စွာဆေးကြောပြီး စားသုံးခြင်းဖြင့် အာဟာရကြွယ်လှ ကျန်းမာခြင်းဘဝကို အမှန်ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# ရောဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း ပင်မတံတားပေါ်တွင် နိုင်လွန်ကတ္တရာခင်းလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း ရန်ကုန်ဘက်ကမ်း ချဉ်းကပ်လမ်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ ထိပ်ဝကြီးအင်း ပေ ၁၂၀ တံတားနှင့် ပေ ၆၀ တံတားအတွင်း စက်ယာဉ်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားပေါ်၌ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ပင်မတံတားပေါ်တွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတားနှင့်လမ်းတို့၌ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးနေမှု၊ စက်ယာဉ်ယန္တရားများဖြင့် မြေသားလုပ်ငန်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ- တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်း၊ တွံတေးတံတားနှင့် ပန်းလှိုင်မြစ်ကူးတံတားတို့၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်းရှိ ငွေသော်တာကွင်း၌ အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီခန့်က ဦးမောင်မောင်နိုင်သည် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၇)၌ ၁၂၉ ကိုက်အကွာမှ Titleist No.(3) ဘောလုံးကို Iron No.8 (ping) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

**ကစားလျက်ရှိ**

ထိုသို့ ကျင်းဝင်သွားစဉ် ကစားဖော်များအဖြစ် ဦးခင်မောင်အောင်(ခ) ကိုကြီး၊ ဦးအောင်မိုးကျော် (ဥက္ကဋ္ဌ IBTC Group of Companies)၊ ဦးဇော်နိုင် (Myanmar Credent Technology) နှင့် ဦးဇော်မင်းတို့ ကစားလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ကျိုင်းတုံ နိုဝင်ဘာ ၄**

၁၉၅၈ ခုနှစ်မှစ၍ ရှမ်းပြည်နယ် တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံမြို့များတွင် နှစ်စဉ်အလှည့်ကျ ကျင်းပလျက်ရှိသည့် ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာတွင် ကျိုင်းတုံမြို့၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၃ ရက်က ကျိုင်းတုံမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်သန်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တွဲဖက်ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# စာအုပ်စာပေ လူ့မိတ်ဆွေ

# မင်းပြားမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ



**မင်းပြား နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်စိုက်ပျိုးရေး၊ မြို့နယ်မြေစာရင်းနှင့် စိုက်တိုးမြှင့်အဖွဲ့က ဦးဆောင်ပြီး သံရှင်ကျေးရွာ အုပ်စု ဒုံးရှောင်ကျေးရွာ၌ တောင်သူ ဦးမောင်ဦးကျော်၏ သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက်ဖြင့် စိုက်ပျိုးထားသော ရတနာတိုးစပါး ၅ ဒသမ ၆၀ ဧက မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပရာ တစ်ဧက ၁၀၅ ဒသမ ၃၀ တင်း ထွက်ရှိခဲ့သည်။ **(အပေါ်ပုံ)**

**ပညာပေးဆွေးနွေး**

အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးအောင်၊ မြို့နယ်မြေစာရင်းလက်ထောက်ဦးစီးမှူး ဦးစံမောင်၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စုများမှ တောင်သူများတက်ရောက်လေ့လာကြပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက သီးနှံအလိုက် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပညာထူးချွန်သော ဝန်ထမ်းသားသမီးများအား ဂုဏ်ပြု

**နေပြည်တော် နိုဝင်ဘာ ၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်း/ဌာနများမှ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲ၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုပေးအပ်ပွဲကို အောက်တိုဘာ ၁၇ ရက်က ပြည်ထောင်စုဝန်ကြီးရုံး နေပြည်တော်၌ ကျင်းပခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီးမှ ပညာထူးချွန်သော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာရုံးတွင် အောက်တိုဘာ ၂၈ ရက်က ကျင်းပသည်။ **(ဝဲပုံ)**



**ချီးမြှင့်ပေးအပ်**

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာ ဦးတင်အောင်ဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဝန်ကြီးဌာနမှ ဂုဏ်ပြုသောဆုငွေများကို ထူးချွန်ကျောင်းသားကျောင်းသူများသို့ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(စိုက်ပျိုးရေး)**

# မြောက်ဦးမြို့၌ မြန်မာ့သစ်တောသီတင်းပတ်ကျင်းပ

**မြောက်ဦး နိုဝင်ဘာ ၄**

မြောက်ဦးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ်ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း မြဝါခန်းမ၌ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအောင်ဝင်းကျော်က မြန်မာ့သစ်တောသီတင်းပတ် ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သစ်တောကဏ္ဍဖွံ့ဖြိုးမှု သာယာလှပလှူဘောင်ဘဝ ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# အသင်းသားများအား ချေးငွေပေးအပ်ပွဲ ဟသ်ာတမြို့နယ်၌ ကျင်းပ

**ဟသ်ာတ နိုဝင်ဘာ ၄**


ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပြည်တော်သာ အသေးစား ငွေစုငွေချေး သမဝါယမအသင်းလီမိတက်မှ အသင်းသားများသို့ ချေးငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက ဟသ်ာတမြို့ သုံးပင်ကွင်းရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးမင်းဇော်နိုင်က ဆင်းရဲမှုလျှော့ချရေး၊ လူမှုဘဝမြှင့်မားရေးအတွက် ငွေထုတ်ချေးရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ကြည်က ချေးငွေ၊ ဆပ်ငွေ၊ စုငွေ အကြောင်းအား အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် အသင်းသား ၅၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅ သိန်းကို မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးမင်းဇော်နိုင်က အသင်းသားများကိုယ်စား ဦးလွင်မင်းထက်အား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ဝဲပုံ)(ဝ၇၅)

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ
# ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇၇)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။



**အဆုံးအဖြတ်**

ယမန်နေ့က ပြင်ဆင်ချက် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့သည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်သည်။

အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များဖြစ်သည့် အပိုဒ် ၅၊ အပိုဒ်ခွဲ (ဃ၊ စ၊ ဈ၊ ဋ)၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဂ၊ စ၊ ဆ)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (က၊ ဂ)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ဃ၊ဇ)၊ အပိုဒ် ၁၃နှင့်အပိုဒ်ခွဲ (ဃ၊ စ၊ ည၊ ဋ၊ ဏ၊ ထ၊ န၊ ပ၊ ဖ၊ ဘ၊ ရ၊ ဠ၊ အ)၊ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (စ၊ ဆ)၊ အခန်း(၉)၊ အပိုဒ် ၁၇၊ ၁၉၊ ၂၁၊ ၂၂၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ (ခ၊ ဂ)၊ အပိုဒ် ၂၆၊ ၂၇၊ ၂၈၊ ၂၉၊၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ အပိုဒ် ၄၀၊ အပိုဒ်ခွဲ (က၊ ခ)၊ အပိုဒ် ၄၁၊ ၄၂၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇ တို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန်နှင့် အပိုဒ် ၇ (က၊ ခ)၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ (ဈ ဗ)၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ (က)၊ အပိုဒ် ၂၄၊ အပိုဒ် ၄၃တို့နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်း ဆုံးဖြတ်သည်။

**သဘောတူ**

**ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးကြပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များဖြစ်သည့် အပိုဒ် ၂၊ အပိုဒ်ခွဲ (ဇ)၊ အပိုဒ် ၂၀ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန်နှင့် အပိုဒ် ၂၊ အပိုဒ်ခွဲ (စ)၊ အပိုဒ် ၄နှင့် အပိုဒ်ခွဲ (က၊ ခ၊ င)၊ အပိုဒ် ၅၊ အပိုဒ် ၁၂နှင့် အပိုဒ်ခွဲ (ခ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂၊ ၂၃၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(က) တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းဥပဒေကြမ်းကို အောက်တိုဘာ (၃)ရက်တွင် ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးအတည်ပြု၍ အမျိုးသားလွှတ်တော်သို့ အောက်တိုဘာ (၄) ရက်တွင် ပေးပို့ခဲ့ပြီး အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်သို့ အောက်တိုဘာ (၂၈)ရက်တွင် ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

ဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က သဘောတူသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအား သက်ဆိုင်ရာဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း လွှတ်တော်ကအတည်ပြုဆုံးဖြတ်ပြီး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက "ပြည်သူ့လွှတ်တော်က သဘောတူညီမှုမရှိသည့် ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ သဘောကွဲလွဲခြင်းများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း" အဆိုကိုတင်သွင်းရာ လွှတ်တော်က သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၆)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း**တို့ကို နိုဝင်ဘာ (၃)ရက်တွင် လက်ခံရရှိကြောင်း၊ အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေဖြင့် ဆွေးနွေးလိုသည့် အကြောင်းအရာဖော်ပြထားသော အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ထပ်မံကြေညာမည့်ရက်နောက်ဆုံးထား ပေးပို့ကြရန်ဖြစ်ကြောင်းနှင့် အမျိုးသားလွှတ်တော်၌ စတင်တင်သွင်းအတည်ပြုပြီးသော **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က နိုဝင်ဘာ(၂)ရက်တွင် လက်ခံရရှိကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၃၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို နိုဝင်ဘာ(၁၄)ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည် ဖြစ်သည်။

**(သတင်းစဉ်)**



## တွေ့ဆုံ

**နိုင်ငံတော်သမ္မတ၏ အကြံပေး ဦးမြင့်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားတို့ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ဧည့်ကြိုခန်းမ၌ တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား နိုင်ငံတော်သမ္မတ၏ အကြံပေး၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် သံတမန်များအား တွေ့ဆုံပြီး ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၄**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့်ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ဧည့်ကြိုခန်းမ၌ နိုင်ငံတော်သမ္မတ၏အကြံပေး ဦးမြင့်အားလည်းကောင်း၊ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်လမ်းရှိ ကုလသမဂ္ဂရုံး၌ နိုင်ငံရေးပါတီများဖြစ်ကြသည့် ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဦးသုဝေ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါက်တာသန်းငြိမ်၊ ဦးကြည်သန်းနှင့် ဦးဝင်းနိုင်၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဦးသာထွန်းလှနှင့် ဦးမြင့်နိုင်တို့အား လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံအရာရှိများအား လည်းကောင်း တွေ့ဆုံသည်။

မစ္စတာ ဗီဂျေနမ်ဘီးယားဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄နာရီ ၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး ဧည့်ခန်းမ၌ ပြည်တွင်း၊ ပြည်ပသတင်းထောက်များအားတွေ့ဆုံကာ မြန်မာနိုင်ငံခရီးစဉ်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်သည်။ ထို့နောက် မစ္စတာဗီဂျေနမ်ဘီးယားက ပြည်တွင်း၊ ပြည်ပသတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေယာယီညှိနှိုင်းရေးမှူး ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၅-၁၁-၂၀၁၁**
**(စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နမောနမော (သန်းမြတ်စိုးနှင့်အဖွဲ့)
- ၇:၄၅ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၅ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈:၀၀ ၇။ **သုတရောင်စုံပန်းခင်း**
- ၈:၁၀ ၈။ ကဗျာပန်းဥယျာဉ်
- ၈:၂၅ ၉။ အကပြိုင်ပွဲ
- ၈:၄၀ ၁၀။ **International News**
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၃:၅၀ ၅။ နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ
- ၁၄:၀၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက် ဘတ်ကျောင်ဝှန်း** (အပိုင်း-၂၀)
- ၁၄:၅၅ ၇။ **International News**
- ၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အတီးပြိုင်ပွဲ
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၂၀ ၇။ လှပစုံလင် အာဆီယံတစ်ခွင်
- ၅:၃၀ ၈။ ရောင်စုံရေးသီတေးပန်းချီ
- ၅:၄၅ ၉။ စိမ်းလန်းပါစေ ဤကမ္ဘာမြေ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၂၉)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၆၂)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၂၂)
- ၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၂၁။ အစီအစဉ်ပြီး၏။

## အထက်ပိုင်းဒေသများ၌ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ပျမ်းမျှ အပူချိန်ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီစင်တီဂရိတ်မှ ၉ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

# တရုတ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ခြင်း

## မဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်

**ဝတ်စုံပြည့် အစမ်းလေ့ကျင့်**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်စဉ်။**
(သတင်းစဉ်)



**နေပြည်တော် နိုဝင်ဘာ ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လေဆိပ်နှင့် ဥပ္ပါတသန္တိစေတီတော်တို့၌ ကျင်းပသည်။

**ဝတ်စုံပြည့်လေ့ကျင့်**

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီနာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဝန်ကြီးဌာနဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့ဝင်များက ဝတ်စုံပြည့်ပါဝင် အစမ်းလေ့ကျင့်ကြသည်။

ရှေးဦးစွာ နေပြည်တော်လေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်လာသည့် လေယာဉ် မဆိုက်ရောက်မီ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့ဝင်များ၊ ဝတ်အဖွဲ့များက ကြိုတင်ပူဇော်ခြင်း၊ ဗုဒ္ဓမြတ်စွယ်တော်ရောက်ရှိစဉ် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား လေယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပြီး ရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ယာဉ်တန်း နေပြည်တော်လေဆိပ်မှ ဥပ္ပါတသန္တိစေတီတော်သို့ ထွက်ခွာခြင်း အစီအစဉ်များကို ဝတ်စုံပြည့် အစမ်းလေ့ကျင့်ကြသည်။

**အပူဇော်ခံထား**

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်မှ စတင်၍ ဗုဒ္ဓမြတ်စွယ်တော် ရတနာရထားယာဉ်အား ဆင်ဖြူတော်နန္ဒဝတီဖြင့် ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကာ အရှေ့ဘက်မုခ်သို့ ပင့်ဆောင်ခြင်း၊ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မင်္ဂလာ ဝေါယာဉ်တော်ပေါ်သို့ ပြောင်းရွှေ့ခြင်း၊ ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့သို့ အပူဇော်ခံထားရှိခြင်း အစီအစဉ်များကို နောက်ဆုံး ဝတ်စုံပြည့်အစမ်းလေ့ကျင့်ကြသည်။

ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုအပြီးတွင် ဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီးနှင့် ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များက ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအစီအစဉ်များကို သုံးသပ်ဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**



## တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့ ရန်ကုန်မြို့တွင်း လေ့လာ

**ရန်ကုန် နိုဝင်ဘာ ၄**

တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့သည် နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက် **(အပေါ်ပုံ)**နှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မသန်စွမ်းအနုပညာရှင်အဖွဲ့သည် နိုဝင်ဘာ ၁ ရက်တွင် နေပြည်တော်တပ်ကုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Auditorium ခန်းမ၌ လည်းကောင်း၊ နိုဝင်ဘာ ၃ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း ဖျော်ဖြေတင်ဆက်ကာ နိုဝင်ဘာ ၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် (၁၆)ကြိမ်မြောက် PRE-SEA DECK RATING TRAINING COURSE သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၄ ရက်က သင်တန်းခန်းမ၌ ကျင်းပရာ အသင်းအတွင်းရေးမှူး ဦးကျော်မြင့်ဦး သင်တန်းသားတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်စဉ်။** (မြန်မာ့အလင်း)

## သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးပို့လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် အသက်(၈၀)နှင့်အထက် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲကို ယမန်နှစ်များအတိုင်း ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

သို့ဖြစ်၍ သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့နိုင်ရေးအတွက် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။
**(သတင်းစဉ်)**

## မြန်မာ့နည်းပညာနေ့ ၂၀၁၁ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ တိုင်းတာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေသော Schlumberger ကုမ္ပဏီ၏ မြန်မာ့နည်းပညာနေ့ ၂၀၁၁ ဆွေးနွေးပွဲ (Myanmar Technology Day 2011) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် Lake View ခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျွမ်းကျင်ပညာရှင်များနှင့် Schlumberger ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ Mr. Gagan Singhal နှင့် ပညာရှင်များ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး East Asia Region Wireline Sales Manager Mr. David Thompson က Formation Evaluation Services in Myanmar နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ မြန်မာ့နည်းပညာနေ့ ၂၀၁၁ ဆွေးနွေးပွဲတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို တိုက်ရိုက်အသုံးချ ဖြေရှင်းနိုင်သည့် နည်းလမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ ကုန်းပိုင်းနှင့် ကမ်းလွန်ဒေသများ၌ တွေ့ကြုံရသည့် ရေနံရှာဖွေရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ ရေနံတွင်းတိုင်းတာရေး အတွက် နည်းပညာများ ဖြစ်ပေါ်တိုးတက်မှုနှင့် အသုံးချနိုင်မှုများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

## လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့နိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၄င်းတို့မှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅-၅၅၇၇၇နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉တို့ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## နိုင်ငံတကာသတင်းများ



## တရုတ်၌ ကျောက်မီးသွေးမိုင်းတွင်းပေါက်ကွဲ မိုင်းလုပ်သား လေးဦးသေဆုံးပြီး ၅၇ ဦး ပိတ်မိနေ

**ဆန်မင်စီရာ နိုဝင်ဘာ ၄**

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်အလယ်ပိုင်းတွင်ရှိသော ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နိုဝင်ဘာ ၄ ရက်အထိ သေဆုံးသူ လေးဦးနှင့် မြေအောက်၌ မိုင်းလုပ်သား ၅၇ ဦးပိတ်မိနေဆဲဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(ဝဲပုံ)**

၄င်းမိုင်းတွင်းမှာ ဆန်မင်စီရာမြို့အနီး ကျန်ကျူအမည်ရှိ ကျောက်မီးသွေးမိုင်းတွင်းဖြစ်ပြီး နိုဝင်ဘာ ၃ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ မိုင်းတွင်းမှာ မြေအောက်အနက် မီတာ ၇၆၀ အထိရှိပြီး မီတာ ၄၈၀ အနက်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြေအောက်၌ ပိတ်မိနေသော မိုင်းလုပ်သားများကို ကယ်ဆယ်နိုင်ရေး ကြိုးစားလျက်ရှိသည်။ ပိတ်မိလုပ်သားများကို ကယ်ဆယ်နိုင်ရေးအတွက် ဟီနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ရိုဂန်မိုအပါအဝင် တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

## ဗန်ကောက်မြို့လယ်တွင် ရေကြီးမှုကြုံ

**ဗန်ကောက် နိုဝင်ဘာ ၄**

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ ရေကြီးမှုကြုံတွေ့လျက်ရှိရာ ဒွန်မောင်းလေဆိပ်အပါအဝင် မြို့လယ်နေရာအတော်များများတွင် ရေကြီးမှုဖြစ်ပေါ်လာကြောင်း နိုဝင်ဘာ ၄ ရက်တွင် ထိုင်းတာဝန်ရှိသူများက ပြောကြားသည်။ **(ယာပုံ)**

**ရေဘေးခြိမ်းခြောက်လျက်ရှိ**

ဗန်ကောက်မြို့လယ်တွင် ရေကြီးမှုမဖြစ်စေရေး ကာကွယ်လျက်ရှိသော်လည်း မြို့၏ငါးပုံတစ်ပုံမှာ ရေအောက်သို့ရောက်ရှိနေပြီဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။ ထိုင်းနိုင်ငံတစ်ဝန်း ရေကြီးမှုကြောင့် သေဆုံးသူပေါင်း ၄၃၀ကျော် ရှိသွားပြီဖြစ်သည်။ သို့သော် ဗန်ကောက်၌ စက်မှုဇုန်တစ်ခုမှာ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရမည့် အခြေအနေသို့ ရောက်ရှိနေသည်။ စက်ရုံအချို့မှာလည်း ရေများဝင်ရောက်နိုင်သည့်အခြေအနေရှိနေကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။
**(အင်တာနက်)**



# အမျိုးသားလွှတ်တော်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပ
# အဆို(၁)ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့အမျိုးသားလွှတ်တော်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၈၁) ဦးတို့တက်ရောက်ကြပြီး အစည်းအဝေး၌ အဆို(၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

## အဆိုတင်သွင်း

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က "၂၀၁၁ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့တွင် အတည်ပြုခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ဆုံးဖြတ်ခဲ့သော ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရေးအတွက် ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ သံသယရှိသော ကိစ္စများပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ရန်ဟူသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်မှုမရှိပါသဖြင့် ကန့်ကွက်ခွင့်ပြုပါရန်နှင့် အထက်ပါဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးပါရန်ဟူသောအဆိုနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၇၆ (က)အရ ဖွဲ့စည်းဆောင်ရွက်ပေးပါရန်နှင့် လိုအပ်လျှင်အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၈၁ အရ ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့်နိုင်ငံသားများထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းပြီး စီရင်ထုံးတစ်ခုကဲ့သို့ မှတ်တမ်းမှတ်ရာကျန်ရစ်အောင် ဆောင်ရွက်ပေးပါရန်" အဆိုကို တင်သွင်းသည်။



အမျိုးသားလွှတ်တော်အစည်းအဝေး (၄၅)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ဆုံးဖြတ်သည်။

## ဖတ်ကြားရှင်းလင်း

**ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍတွင်** အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးမြညိမ်းက ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော **၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ထပ်မံစိစစ်တင်ပြသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

အဆိုပါ ဥပဒေကြမ်းအား ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့်အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ အစည်းအဝေးအပြီးတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၅၅မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ဝိုင်းမော်မြို့နှင့် မြစ်ကြီးနားမြို့တို့သို့ လတ်တလောပဋိပက္ခကြောင့် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူတို့အား ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၄

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UN အဖွဲ့အစည်းများဖြစ်ကြသည့် UNHCR, UNICEF, UNOHCA, WFP နှင့် NGO များနှင့်အတူ နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် ဝိုင်းမော်မြို့ မြို့မနှစ်ခြင်းဘုရားကျောင်း၌ လတ်တလောပဋိပက္ခကြောင့် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူတို့အား တွေ့ဆုံအားပေးပြီး မြို့မနှစ်ခြင်း၊ မူရင်းနှစ်ခြင်းနှင့် မိုင်းနားအေဂျီအသင်းစခန်းသုံးခုအတွက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၂၁ သိန်း ခြောက်သောင်း၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနက ဆပ်ပြာများ၊ ပြည်နယ်ကြက်ခြေနီက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့လာသော ထောက်ပံ့ပစ္စည်းများ၊ ဝေါလ်ဗီးရှင်း(မြန်မာ)က အိမ်ထောင်စု ၆၀၀ အတွက် ငွေကျပ် ၄၉၂ ဒသမ ၂၇ သိန်းတန်ဖိုးရှိ မိသားစုသုံးပစ္စည်းများ ပေးအပ်ကြသည်။

### ပေးအပ်

ဆက်လက်၍ ဝိုင်းမော်မြို့ အမှတ်(၂) ရပ်ကွက်ရှိ ကက်သလစ်ဘုရားကျောင်းနှင့် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး စခန်းတာဝန်ခံတို့အား ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၃၈ သိန်းခုနစ်သောင်း၊ ကျန်းမာရေးဦးစီးဌာနက ဆပ်ပြာများ၊ ပြည်နယ်ကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့လာသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ဆွတ်ငိုင်ကောင် (စီတာပူနှစ်ခြင်းဘုရားကျောင်း)တွင် လတ်တလောပဋိပက္ခကြောင့် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူတို့အား တွေ့ဆုံအားပေးပြီး စခန်းအတွက် ငွေကျပ် ၁၁ သိန်း ကိုးသောင်း၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနက ဆပ်ပြာများ၊ ပြည်နယ်ကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့လာသော ပစ္စည်းများ၊ UNHCR တာဝန်ခံက မိသားစုသုံးပစ္စည်းများ ပေးအပ်ကြသည်။

### တွေ့ဆုံအားပေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မန်ခိန်ရပ်ကွက်၊ တပ်ကုန်းရပ်ကွက်၊ မြို့သစ်ကြီးရပ်ကွက်၊ ဒူကထောင်ရပ်ကွက်နှင့် လယ်ကုန်းရပ်ကွက်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းတို့သို့ သွားရောက်ပြီး ပြောင်းရွှေ့ရောက်ရှိလာသူတို့အား တွေ့ဆုံအားပေးပြီး စခန်းမှတာဝန်ရှိသူတို့အား ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် သိန်း ၆၀ ရှစ်သောင်း၊ မသန်မစွမ်းဖြစ်သူအတွက် Wheel Chain တစ်စုံ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ဆပ်ပြာများ၊ ပြည်နယ်ကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့လာသည့် ထောက်ပံ့ပစ္စည်းများ၊ UNHCR တာဝန်ခံက မိသားစုသုံးပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၅-၁၁-၂၀၁၁ (စနေနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၃ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၇:၀၄ | ၃။ | နိုင်ငံတော်သီချင်း |
| ၇:၀၅ | ၄။ | တရားတော် |
| ၇:၂၀ | ၅။ | ဓမ္မပူဇာတေး |
| ၇:၂၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၇:၃၅ | ၇။ | မြန်မာ့ရှုခင်း |
| ၇:၄၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၅၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၃။ | ပညာပေးဇာတ်လမ်းတို |
| ၈:၂၅ | ၁၄။ | အမျိုးသားရေးတေးကဗျာ |

### နေ့လည်ပိုင်း

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁:၀၅ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၁၁:၁၀ | ၃။ | နိုင်ငံတော်သီချင်း |
| ၁၁:၁၅ | ၄။ | အဖွင့်သီချင်း |
| ၁၁:၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၁၁:၂၅ | ၆။ | ကာတွန်းအစီအစဉ် **ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ** (အပိုင်း-၁) |
| ၁၂:၀၀ | ၇။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချစ်ကံပွင့်နှင့်မချောလေးဆယ်** ရန်အောင်၊ ဟိန်းဝေယံ၊ ကျော်ကျော်ဗို၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဒေါန) |
| ၁၄:၀၀ | ၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** ( အပိုင်း- ၃၀) |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၁ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၄:၀၃ | ၃။ | နိုင်ငံတော်သီချင်း |
| ၄:၀၆ | ၄။ | အဖွင့်သီချင်း |
| ၄:၁၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄:၁၅ | ၆။ | ကျန်းမာကြံ့ခိုင် တို့နိုင်ငံ |
| ၄:၂၀ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၃၀ | ၈။ | ချစ်သူစုံတွဲ တူယှဉ်နွဲ |
| ၄:၅၀ | ၉။ | ကုန်သွယ်သုတ |
| ၅:၀၀ | ၁၀။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၃၀ | ၁၁။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၆:၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၀ | ၁၄။ | စားဖိုဆောင်ချစ်သူ |
| ၆:၄၀ | ၁၅။ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီချစ်သူဆီ** (အပိုင်း-၁၈) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | လူရွှင်တော်စကား |
| | ၂၂။ | မှတ်တမ်း |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မဟူရာညရဲ့ခွန်အား** (အပိုင်း -၆) |
| | ၂၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၉၂) |

# ဘက္ကရီအီးဒ်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့ လှော်ကားဥယျာဉ် အချိန်တိုး ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း နိုဝင်ဘာ ၇ ရက် ဘက္ကရီအီးဒ်နေ့နှင့် နိုဝင်ဘာ ၁၀ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တို့တွင် အများပြည်သူစိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်တိုင်း(မ်)သတင်းဂျာနယ် မကြာမီ ထွက်ရှိလာမည်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာ့ဂျာနယ်လောက၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာ တတိယပတ်တွင် အပတ်စဉ်ထုတ် နေပြည်တော်တိုင်း(မ်) သတင်းဂျာနယ် ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

## ဆက်သွယ်နိုင်

အဆိုပါ ဂျာနယ်တွင် ပြည်တွင်းပြည်ပနောက်ဆုံးရ သတင်းဦး၊ သတင်းထူးများ၊ မြန်မာနိုင်ငံအနှံ့ မြို့နယ်စုံမှ ထူးခြားဖြစ်စဉ်သတင်းစုံ၊ ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သုံးသပ်ချက် ဆောင်းပါးများ၊ နိုင်ငံတကာသတင်းနှင့် ဆောင်းပါးများ၊ နောက်ဆုံးပေါ် သတင်းဆက်သွယ်ရေးနည်းပညာများအကြောင်း၊ သိပ္ပံသုတေသနသတင်းများ၊ မြန်မာနိုင်ငံ၏ မျက်မှောက်ရေးရာ သုံးသပ်ချက် အထူးဆောင်းပါး၊ လူငယ်ပညာပေး၊ ကျန်းမာရေးပညာပေး၊ သုတ၊ ရသ၊ စာပေကဏ္ဍ၊ ပြည်တွင်းပြည်ပ အနုပညာဖျော်ဖြေရေး၊ အားကစားသတင်းစုံ၊ ရှင်သန်လှုပ်ရှား လူမှုဘဝများကဏ္ဍ၊ ထင်ရှားကျော်ကြားသူတို့၏ ဘဝအောင်မြင်ရေး စကားလက်ဆောင်၊ တစ်ပတ်တာ အပန်းပြေစရာလမ်းညွှန်ကဏ္ဍ၊ ဝါရင့်သတင်းစာဆရာ၊ စာရေးဆရာကြီးများ၏ ဆောင်းပါးများ၊ အတွေးအခေါ် ဗဟုသုတ ဉာဏ်ပညာ တိုးပွားစရာ ဖတ်စရာ၊ မှတ်စရာကဏ္ဍစုံ ပါရှိမည်ဖြစ်ကြောင်း နေပြည်တော်တိုင်း(မ်)နှင့် ဆက်သွယ်လိုပါက အမှတ် (၅၃၀) လေးလွှာ ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၂၃၀ (ယာယီ) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**သဃ်န်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ စံပြစီမံကိန်းရပ်ကွက်ရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စံပြစီမံကိန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးထွန်းလှက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လွှဲပြောင်းပေးအပ်စဉ်။** (၀၂၅)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ATM စက်များ စတင်အသုံးပြုခွင့်ပြု

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံတော်အတွင်း ငွေပေးချေမှုစနစ် ခေတ်မီတိုးတက်စေရန်နှင့် ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများ ငွေသွင်း/ ငွေထုတ်ကိစ္စများ ပိုမိုအဆင်ပြေစေရန်တို့အတွက် ၂၀၁၁ခုနှစ် နိုဝင်ဘာလအတွင်း ပုဂ္ဂလိကဘဏ်များဖြစ်သော သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၊ မြဝတီဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ရောဝတီဘဏ်တို့အား ၎င်းတို့၏ ဘဏ်ခွဲများတွင် ATM စက်များ စတင်အသုံးပြုဝန်ဆောင်မှုပေးရန် ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

(ရန်ကုန်)နှင့် (မန္တလေး) ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ဖွဲ့စည်းပုံနှင့် လက်ရှိဝန်ထမ်းအင်အား၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသားအင်အား၊ ကျောင်းဆင်းပြီးဝန်ကြီးဌာနများ၌ တာဝန်ထမ်းဆောင်နေမှုနှင့် စစ်ကိုင်းရှိ ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ထပ်မံမေးမြန်းမှာကြားပြီး စာသင်ခန်းများကို လှည့်လည်ကြည့်ရှု၍ ကျောင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ကောလိပ်ပရဝဏ်နှင့် ဘောလုံးကွင်းတို့ကို လှည့်လည်ကြည့်ရှုသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အစီအစဉ်တစ်ရပ်အဖြစ် နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ သင်ကြားပေးပြီး ဝိဇ္ဇာ၊ သိပ္ပံနှင့် အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ရန်နှင့် ပညာရပ်များတတ်မြောက်၍ ကျောင်းဆင်းပြီးပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်မည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ပေးရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်သည်။

**ထမ်းဆောင်**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ဝိဇ္ဇာဘွဲ့ရ ၂၁၁ ဦး၊ သိပ္ပံဘွဲ့ရ ၄၁၃ ဦးနှင့် အင်ဂျင်နီယာဒီပလိုမာ ၂၆၈ ဦး မွေးထုတ်ခဲ့ပြီး စုစုပေါင်း ၈၉၂ ဦးမှာ ဝန်ကြီးဌာနအသီးသီး၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၌ တက်ရောက်နေသောကျောင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံများအား ခုတင် (၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



ပညာထူးချွန်သူများ၊ စာကြည့်တိုက်ကို အသုံးပြု၍ ပညာလေ့လာဆည်းပူးနိုင်သူများဖြစ်အောင် သင်ကြားပေးသွားရန်လိုကြောင်း၊ ထို့ပြင် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာကျွမ်းကျင်မှုရှိရေး အလေးထားသင်ကြားပေးသွားရန်မှာကြားလိုကြောင်း၊ နိုင်ငံတော်မှ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့မည့် အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားကဏ္ဍတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင် မွေးထုတ်ပေးသွားရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ဒဂုံတက္ကသိုလ် မိုးလုံလေလုံအားကစားရုံကို ကြည့်ရှုစစ်ဆေးပြီး ဘော်လီဘောအားကစားသမားများအား နှုတ်ဆက်ကာ ဒဂုံတက္ကသိုလ်ဘောလုံးကွင်းကိုလည်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲတွင် ဒဂုံတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်း၌ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှဌေးက သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားအင်အား၊ မြို့နယ်အလိုက် တက်ရောက်သည့် ကျောင်းသားအင်အား၊ အသုံးပြုလျက်ရှိသော IT Centre Room များ၊ ဝန်ထမ်းအင်အား၊ ဒဂုံတက္ကသိုလ်က ဆောင်ရွက်သည့် သုတေသနလုပ်ငန်းများနှင့် ဒဂုံတက္ကသိုလ်၏ အားကစားလှုပ်ရှားမှုများအပါအဝင် တက္ကသိုလ်နှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ဒုတိယဝန်ကြီး ဦးဘရွှေတို့က ဒဂုံတက္ကသိုလ်နှင့်စပ်လျဉ်း၍ ဖြည့်စွက်တင်ပြကြသည်။

**မွေးထုတ်ပေး**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လိုအပ်သည်များကို မေးမြန်းမှာကြားပြီး အမှာစကားပြောကြားရာ၌ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့ကို ယနေ့ ကြည့်ရှုလေ့လာခွင့်ရခဲ့ရာ တက္ကသိုလ်နှစ်ခု၌ ဆရာနှင့် ကျောင်းသားအချိုးမျှတမှုရှိသည်ကို တွေ့ရှိရကြောင်း၊ တက္ကသိုလ်များက မွေးထုတ်လိုက်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်သူများ ရှိသကဲ့သို့ ပြင်ပလုပ်ငန်း လုပ်ကိုင်သူများလည်းရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များက တစ်နှစ်လျှင် ဘွဲ့ရ တစ်သိန်းကျော် မွေးထုတ်ပေးလျက်ရှိကြောင်း၊ ဘွဲ့ရအရေအတွက်များလာသကဲ့သို့ အရည်အချင်းရှိသူများ များလာရန်လည်းလိုကြောင်း၊ ပညာရည်မြင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုချက်များဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြင့်မားတိုးတက်လာရေးအတွက်လည်း နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များ၏ သုတေသနပြုချက်များအနက် နိုင်ငံတော်နှင့် တိုင်းပြည်အတွက် အကျိုးရှိမည့် သုတေသနဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူများရှိပါကလည်း အဆင့်ဆင့် တင်ပြပေးသွားရန် မှာကြားလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအားလည်း အမှန်တကယ်

## အာဆီယံ - ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၄**

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ဆွေးနွေးအဖြေရှာခဲ့ကြသည့် လုံခြုံရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေး၊ အာရှတွင် အနာဂတ်စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် စီမံရေးကွပ်ကဲမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စများပါဝင်သည့် (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Ballroom ၌ ဆက်လက်ကျင်းပပြီး ဆွေးနွေးပွဲတွင် အာဆီယံ-ဂျပန်နိုင်ငံတို့မှ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြခဲ့ကြသည့် ကဏ္ဍများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ (၃၈)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲအတွက် လာမည့်နှစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကြိုတင်ပြင်ဆင်ရေးကော်မတီ အစည်းအဝေးကျင်းပရေး၊ မလေးရှားနိုင်ငံအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ရွေးချယ်ခြင်း၊ ဒေသတွင်းနိုင်ငံများအနေဖြင့် အခြားစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကမ္ဘာနှင့်အဝန်း လက်ရှိစိန်ခေါ်မှုများဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရောဂါဘယများကျရောက်မှု၊ သဘာဝဘေးအန္တရာယ်များအတွက် ပူးပေါင်းဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်မှုနှင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ဖော်ဆောင်ပြီးသည့်အခါ အဖွဲ့ဝင်သစ်များ ပေါ်ပေါက်လာရန်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ITOCHU Corporation ဥက္ကဋ္ဌ Mr. Eizo Kobayashi နှင့် (၃၈)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် မလေးရှားနိုင်ငံ Ambank Group ဥက္ကဋ္ဌ Mr. Tan Sri Azman Hashim တို့က အမှာစကားပြောကြားကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အထိမ်းအမှတ်တံဆိပ်နှင့်အထိမ်းအမှတ် လာဘ်ရုပ်ပုံပြိုင်ပွဲမှ ဆုရရှိသူများ စာရင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု သတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo) နှင့် အထိမ်းအမှတ် လာဘ်ရုပ်ပုံ (Mascot) ရေးဆွဲပြိုင်ပွဲကို ကျင်းပခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်သူများအနက်မှ အထိမ်းအမှတ်တံဆိပ် (Logo) ပြိုင်ပွဲတွင် ဦးအာကာအောင် နိုင်ငံသားစိစစ်ရေးအမှတ် ၁၂/မရက(နိုင်) ၁၀၅၀၈၂နှင့် အထိမ်းအမှတ်လာဘ်ရုပ်ပုံ (Mascot) ပြိုင်ပွဲတွင် ဦးသူရ (ကာတွန်း) နိုင်ငံသားစိစစ်ရေးအမှတ် ၁၂/ရကန(နိုင်) ၀၅၆၂၈၀ တို့၏ Logo နှင့် Mascot ပုံများအား ရွေးချယ်ထားကြောင်းနှင့် ဆုချီးမြှင့်ပွဲပြုလုပ်မည့်ရက်ကို ကာယကံရှင်များထံ ထပ်မံဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ဒုတိယနေ့ အခမ်းအနား ရန်ကုန်မြို့၌ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

ပထမအကြိမ် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ဒုတိယနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ Stony Brook University- Advanced Energy Center မှ Research Professor & Director International Programmes ဒေါက်တာနေထွန်းက အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ပြည်တွင်း/ပြည်ပမှ စာတမ်းရှင်များက ဘာသာရပ်အလိုက် စာတမ်းများကို ဖတ်ကြားဆွေးနွေးကြရာ တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**သစ်တောသစ်ပင် ဒို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုး အလှတိုး**

## မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်း ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Mayank Joshi သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းများ အလိုက် ဆွေးနွေးပွဲကျင်းပရေး ကိစ္စတို့ကို ဆွေးနွေးကြသည်။

**ဆက်သွယ်နိုင်**

မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော စီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI အသင်းချုပ်ရုံး ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ လိုင်းခွဲ- ၁၂၂၊ ၂၁၃ သို့လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဖုန်း-၃၈၁၂၅၂ သို့ လည်းကောင်း နိုဝင်ဘာ ၇ ရက် နောက်ဆုံးထား ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**မြန်မာ့အလင်း မှုခင်းသတင်း**

## ဆိုင်ကယ်နောက်မှ လူပြုတ်ကျ ဆေးရုံအရောက် သေဆုံးခဲ့ရ

**ရေစကြို နိုဝင်ဘာ ၄**

ရေစကြိုမြို့နယ် မြေဖြူကျေးရွာအနီး ရေစကြို-မုံရွာကားလမ်းတွင် ဆိုင်ကယ်နောက်မှ လူပြုတ်ကျပြီး သေဆုံးမှု ဖြစ်ပွားခဲ့သည်။

**သေဆုံး**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက်က မြေဖြူကျေးရွာနေ ဇော်ဦး အသက် ၁၈ နှစ် (ဘ)ဦးတင်ဖေ မောင်းနှင်သော အမ်ဘို-၁၁၀ အနက်ရောင်ဆိုင်ကယ်၏နောက်တွင် လိုက်ပါလာသော မိခင်ဒေါ်တင်နု အသက် ၅၈ နှစ်သည် မိုင်တိုင်အမှတ် (၂၇/၄) နှင့် (၂၇/၅)အကြား မြေသားလမ်းမှ ကတ္တရာလမ်းပေါ် အတက်တွင် ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး ဦးခေါင်းနောက်စေ့တွင် ပေါက်ပြဲဒဏ်ရာရရှိကာ ရေစကြိုမြို့ဆေးရုံတွင် ကုသနေစဉ်သေဆုံးသွားကြောင်း သိရှိရသည်။ **(၃၇၄)**

# အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့်အဖွဲ့ အား အမေရိကန် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့်အဖွဲ့အား အမေရိကန် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael H. Posner နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယင်းကော်မရှင်ရုံး၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေးပြောကြား**

ယင်းသို့ တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်က ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ကော်မရှင်၏အခန်းကဏ္ဍ ပိုမိုထိရောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)



**လာရောက်တွေ့ဆုံ**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့်အဖွဲ့အား အမေရိကန် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael H. Posner နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပြသသည့် မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်တို့အကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ အမျိုးသားပြတိုက်(ရန်ကုန်)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်တို့အကြား ပြတိုက်လုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)၊ အမျိုးသားပြတိုက် (နေပြည်တော်)နှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ ကမ္ဘာအေးဗုဒ္ဓယဉ်ကျေးမှုပြတိုက်များရှိ ခေတ်အဆက်ဆက်မှ ဗုဒ္ဓရုပ်ပွားတော် အဆူ (၅၀)အပါအဝင် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာပစ္စည်းအရေအတွက် စုစုပေါင်း ၉၀ ကျော်ကို မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာ ဝင်ရောက်လာပုံပြကွက်၊ မြန်မာနိုင်ငံရှိရှေးဟောင်းဘုရားပုထိုး၊ စေတီ၊ ဘုန်းကြီးကျောင်းစသည့် သာသနိကအဆောက်အအုံများပြကွက်၊ ခေတ်အဆက်ဆက် ဗုဒ္ဓရုပ်ပွားတော်များပြကွက်၊ မြန်မာ့ဘုရားစင်ပြကွက်၊ ဗုဒ္ဓဘာသာနှင့် ဆက်နွှယ်သော မြန်မာ့ရိုးရာဘာသာရေးပွဲတော်များပြကွက်၊ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများပြကွက်နှင့် ဗုဒ္ဓဘာသာသာသနာတော် ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ချက်များပြကွက် စသည်ဖြင့် ပြကွက်စုစုပေါင်း ခုနစ်ခုခွဲခြားကာ နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်၌ ၁၈-၁၀-၂၀၁၁ရက် နံနက်၁၀နာရီတွင် မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲကို ပြည်ပနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နန်နင်းမြို့ ကောင်စစ်ဝန်ချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ အမျိုးသားပြတိုက်(ရန်ကုန်)ညွှန်ကြားရေးမှူး ဦးဆောင်သော ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက် ညွှန်ကြားရေးမှူးနှင့်အရာထမ်း အမှုထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် နှစ်ဖက်ဦးစီးဦးဆောင်ပြုသူများက အမှာစကားပြောကြားခဲ့ကြပြီး ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

၁၉-၁၀-၂၀၁၁ ရက်တွင် အဆိုပါ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်၌ China- ASEAN Dialogue ဆွေးနွေးဖက် အနှစ် (၂၀)မြောက် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သော 2011-China- ASEAN Cultural Industry Forum သို့ တက်ရောက်ကြသည့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ Vice Governor of Guangxi Zhuang Autonomous Region, Ms. Li Kang, Stage Administration of Cultural Heritage ဝန်ကြီး Mr.Shan Jixiang နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက လှည့်လည်ကြည့်ရှုခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။ အဆိုပါပြပွဲကို နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်၌ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ သုံးလကြာ ခင်းကျင်းပြသသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်တို့၏ သံတမန်ဆက်ဆံရေးသည် နှစ်(၆၀) ကျော်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါကာလများအတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားလာခဲ့ကြပြီး နှစ်နိုင်ငံအကျိုးကိစ္စရပ်များကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်ခဲ့ကြပါသည်။ အကျိုးသက်ရောက်မှုတစ်ခုအနေဖြင့် ယခုကျင်းပသည့် မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲသည် ထူးခြားမွန်မြတ်သည့် ပြပွဲဟု ဆိုရပေမည်။ ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံတွင် ထွန်းလင်းတောက်ပမှု အရှိဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာစတင်ရောက်ရှိလာသောအချိန်မှာ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ဖြစ်ပါသည်။

ရှေးဟောင်းသုတေသန အထောက်အထားအရ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာထွန်းကားရာအရပ်မှာ ပျူမြို့တော် သရေခေတ္တရာဖြစ်ပါသည်။ ပျူလူမျိုးများသည် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာဒေသများတွင် အခြေစိုက်နေထိုင်ခဲ့ကြပါသည်။ သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသော ရွှေပေချပ်၊ ငွေဗောဓိကြုတ်များ၊ ရွှေဆင်းတု၊ ငွေဆင်းတုနှင့် ရုပ်ကြွအုတ်ခွက်များက သရေခေတ္တရာ၌ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်း သက်သေခံလျက်ရှိပါသည်။ ခရစ်နှစ် (၁၁)ရာစုမှ (၁၃)ရာစုအတွင်း၌ မြန်မာနိုင်ငံတော်ကြီးသည် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားခဲ့ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသ ပုဂံမြို့ရှိ ရှေးဟောင်းအမွေအနှစ် စေတီပုထိုးဂူကျောင်းကန်တို့သည် ဗုဒ္ဓသာသနိက အဆောက်အအုံများအဖြစ် ထင်ရှားကျော်ကြားလှပါသည်။ ယခုပြပွဲတွင် ပုဂံခေတ်လက်ရာ ဗုဒ္ဓဆင်းတုတော်များပါဝင်ပြသထားပါသည်။

ရန်ကုန်မြို့တွင်တည်ရှိသည့် ရွှေတိဂုံစေတီတော်ကြီးသည် ကမ္ဘာ့အံ့ချီးဖွယ်တစ်ပါးတွင်ပါဝင်၍ မြန်မာလူမျိုးတို့၏ ဗုဒ္ဓသာသနာတော်ထွန်းကားမှုနှင့် ယဉ်ကျေးမှုပြယုဂ်သဖွယ် ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်ကြီးသည်ပင် ဗုဒ္ဓပြတိုက်ဟု တင်စားခေါ်ဝေါ်နိုင်ပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၂၀၀၄ ခုနှစ်တွင် ကျင်းပခဲ့ပါသည်။ သင်္ဂါယနာတင်ခြင်းဖြင့် ဗုဒ္ဓသာသနာ သန့်ရှင်း၍ အရှည်တည်တံ့စေရန် အားထုတ် ဆောင်ရွက်ခဲ့ကြသည်။ သင်္ဂါယနာဆိုသည်မှာ ကောင်းစွာ စုပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ပဉ္စမသင်္ဂါယနာတင်ပွဲနှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကိုလည်း မြန်မာနိုင်ငံတွင် ကျင်းပနိုင်ခဲ့ပါသည်။ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ရတနာပုံခေတ်၊ မျက်မှောက်ခေတ်စသော ခေတ်အဆက်ဆက် လက်ရာများဖြစ်သည့် ဗုဒ္ဓရုပ်ပွားတော်များကို ပင့်ဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစုအမျိုးသားပြတိုက်၌ ပြသခွင့်ရသည့်အတွက် နှစ်နိုင်ငံယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၏ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူခဲ့နိုင်ခြင်းလည်း ဖြစ်ပါသည်။

ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ပြခန်းအလယ်တွင် မတ်ရပ်မှန်ဗီရိုများဖြင့် ခင်းကျင်းပြသထားရာ ဖူးမြော်ရှုမြင်ရသူအဖို့ စိတ်ဝယ်အေးချမ်းသွားကြပါသည်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသမှ စေတီပုထိုးများ၏ မြင်ကွင်းကျယ်ပုံများကို ပြခန်းနံရံတွင် ပြသထားမှုကလည်း ဆွဲဆောင်မှုရှိလှပါသည်။ မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ၊ အမြတ်တနိုးထားရာ မြတ်ရွှေတိဂုံနှင့် စောင်းတန်းတို့၏အလှကို ဖန်တီးတင်ဆက်ထားမှုကလည်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါသည်။ မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲသည် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ထည်ဝါခဲ့ရပါသည်။ ပြပွဲ၏ ပြကွက်ပြည့်စုံမှု၊ အလင်းအမှောင်ဖန်တီးမှု၊ ဒီဇိုင်းအဆင်အပြင်ကောင်းမှု၊ အထောက်အကူပြုပစ္စည်းများ ပြည့်စုံမှု၊ လုံလောက်သော အကျယ်အဝန်းရှိမှု၊

## သောင်းဝင်း (ယဉ်ကျေးမှု)

မြန်မာ့ရှေးဟောင်းလက်ရာ တန်ဖိုးမြင့်မားမှု၊ မုဒြာဟန် အမျိုးမျိုးပါဝင်မှုနှင့် အကြောင်းအရာ အချက်အလက် ပြည့်စုံမှုတို့သည် ပြပွဲ၏ အဓိကအားသာချက်များဖြစ်ပါသည်။

ယဉ်ကျေးမှုအမွေအနှစ်ပုဂံဒေသမှ ထင်ရှားကျော်ကြားသော အနုမှာအာနန္ဒာဆိုသည့် အာနန္ဒာစေတီ၊ ဒုမှာ ဓမ္မရံဆိုသည့် ဓမ္မရံကြီး၊ အမြင့်မှာ သဗ္ဗညုဆိုသည့် စေတီသုံးဆူကို ပုံစံငယ်များဖြင့် ပြသထားရာ ပြပွဲ၏ထူးခြားမှုဟုလည်း ဆိုရပေမည်။ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝမှု၊ မြတ်နိုးထိန်းသိမ်းစောင့်ရှောက်ထားမှုကိုလည်း မျက်ဝါးထင်ထင်မီးမောင်းထိုးပြထားသည်ဖြစ်ပေရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုမည်သာမက သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက်လည်း ထိထိရောက်ရောက် အကျိုးပြုပေမည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာဝင်ရောက်လာပုံပြကွက်တွင် အနော်ရထာမင်းကြီး ပိဋကတ်သုံးပုံပင့်ဆောင်လာပုံ ရုပ်တုဖြင့် ပုဂံသို့ ဗုဒ္ဓသာသနာရောက်ရှိမှု၊ သာသနာတော်သန့်ရှင်းတည်တံ့ထွန်းကားရေးအတွက် အဓိကကျသော သင်္ဂါယနာနှင့် စပ်လျဉ်း၍ ပဉ္စမသင်္ဂါယနာအချုပ် ကုသိုလ်တော်ဘုရားကျောက်စာ၊ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူပုံတို့ကို ပြသထားပါသည်။ မြန်မာနိုင်ငံရှိ ရှေးဟောင်းဘုရားပုထိုး၊ စေတီ၊ ဘုန်းကြီးကျောင်း စသည့် သာသနိကအဆောက်အအုံများပြကွက်တွင် တန်ခိုးကြီး ရှေးဟောင်းဘုရားပုထိုးများ၊ စေတီများ၊ သိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၏ ဓာတ်ပုံများ၊ စေတီတစ်ဆူ၏ ပန္နက်ပုံ၊ မြန်မာ့ရိုးရာ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ ပန္နက်ပုံတို့ကို ပြသထားပါသည်။ ခေတ်အဆက်ဆက် ဗုဒ္ဓရုပ်ပွားတော်များပြကွက်တွင် မြန်မာနိုင်ငံရှိ ပျူခေတ်မှ မျက်မှောက်ခေတ်အထိ သွန်းလုပ် ထုဆစ်ကိုးကွယ်ကြသည့် ဗုဒ္ဓရုပ်ပွားတော်များ၊ မုဒြာအစုံဘုရားများ၊ အုတ်ခွက်ရုပ်ပွားတော်များ၊ အန္တကူကျောက်ဗုဒ္ဓရုပ်ပွားတော်တို့ကို ခင်းကျင်းပြသထားပါသည်။

မြန်မာ့ဘုရားစင်ပြကွက်တွင် ဘုရားပန်းအိုးများ၊ သောက်တော်ရေခွက်များ၊ ဆွမ်းသပိတ်၊ ဆီမီးတိုင်၊ အမွှေးတိုင်ပူဇော်ရန်နေရာများ၊ စိပ်ပုတီး၊ ကြေးစည်စသည်တို့ကို စိတ်ဝင်စားဖွယ်ကောင်းအောင် ပြင်ဆင်ခင်းကျင်းပြထားပါသည်။ ဗုဒ္ဓသာသနာနှင့် ဆက်နွှယ်သော မြန်မာ့ရိုးရာ ဘာသာရေးပွဲတော်များပြကွက်တွင် (၁၂)လရာသီပွဲတော်များ ကျင်းပပုံ၊ ရဟန်းခံရှင်ပြုပွဲကျင်းပပုံ၊ အလှူဒါနပြုပွဲများ ပြုလုပ်ပုံ စသည်တို့ကို ရောင်စုံဓာတ်ပုံများ၊ ဗီနိုင်းများဖြင့် ပြသထားပါသည်။ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများပြကွက်တွင် ဘုန်းတော်ကြီးတစ်ပါးသုံးဆောင်သည့်ပစ္စည်းများ၊ သီလရှင်တစ်ပါး၏ ဝတ်စုံစသည်တို့ကို ရှင်းလင်းချက်စာသားများနှင့်အတူ ပြသထားပါသည်။ ဗုဒ္ဓသာသနာထွန်းကား၊ ပြန့်ပွားရေးဆောင်ရွက်ချက်ပြကွက်တွင် ဥပုသ်သီတင်းဆောက်တည်ပုံ၊ အဘိဓမ္မာစာမေးပွဲကျင်းပပုံ၊ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တရားတော် ရှင်းလင်းချက်၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆက်ကပ်သည့် အခမ်းအနား၊ မဟာစည်သာသနာ့ရိပ်သာတရားထိုင်ပုံနှင့် မိုးကုတ်ဝိပဿနာတရားစခန်းတို့ကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ပြသထားပါသည်။

မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲ၏ နောက်ဆုံးပြကွက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် မာရှယ်ချင်ယီ၏ ၁၉၆၀ ခုနှစ်ဝန်းကျင်က ရေးဖွဲ့ခဲ့သောကဗျာဖြစ်သည့် **"မြစ်ညာအစ၊ ဤဒေသတွင်၊ ကျွန်ုပ်လျှင်နေ၍၊ အကြေမြစ်ညာ၊ ထိုနေရာတွင်၊ သင်ကနေ၏။ မြစ်တွေစီးဆင်း၊ တစ်မြစ်တွင်းမှ၊ ကြည်စွသည်ရေ၊ တူလေသောက်သုံး၊ ချစ်ကြင်အဆုံးမရှိပြီ"** ဟူသော ကဗျာကို ရေးသားဖော်ပြ၍ နှစ်နိုင်ငံချစ်ကြည်ရေးကို အလေးပေးဖော်ပြထားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲ အောင်မြင်စွာ ခင်းကျင်းပြသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို အချိန်ယူဆောင်ရွက်ခဲ့ကြရပါသည်။ ပြသပစ္စည်းများသည် တန်ဖိုးကြီးမားသော ရှားပါးလက်ရာများဖြစ်သည့်အပြင် ခေတ်အဆက်ဆက် သမိုင်းကြောင်းအထောက်အထားခိုင်မာသည့် ပစ္စည်းများစွာ ပါဝင်ပါသည်။ အနုပညာလက်ရာမြောက်၍ ဘာသာသာသနာနှင့် မြန်မာ့ယဉ်ကျေးမှုအတွက် ဂုဏ်ယူရမည့် ပစ္စည်းများဖြစ်ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးအတွက်ဟူသော အချက်မှာ ပြသရခြင်း၏ အဓိကအချက်တွင် ပါဝင်ပေသည်။

နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်ကြီးသည် မြို့၏ ဂုဏ်ကျက်သရေဆောင် ခေတ်မီပြတိုက်ကြီးတစ်ခုဖြစ်ပါသည်။ ဘေးဘက်တွင် ယုန်ကျန်မြစ်၏ အလှအပနှင့် ယှဉ်တွဲ၍ ခံ့ညားထည်ဝါမှုကို ပေါ်လွင်စေပါသည်။ ပြတိုက်တွင် နိုင်ငံတကာအခမ်းအနားများ မကြာခဏပြုလုပ်လေ့ရှိပြီး နိုင်ငံတကာပြပွဲများ ပြသလေ့ရှိရာ အင်ဒိုနီးရှားနိုင်ငံ၏ ပါတိတ်အဝတ်အထည်နှင့် ဝတ်စားဆင်ယင်မှုပြခန်းကိုလည်း ခင်းကျင်းပြသထားသည်မို့ ဝင်ရောက်လေ့လာနိုင်ပါသည်။

ကွမ်ရှီးလူမျိုးစု အမျိုးသားပြတိုက်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Qin Pu နှင့် ညွှန်ကြားရေးမှူး Dr. Wang Wei တို့ ပါဝင်သောအဖွဲ့သည် မြန်မာနိုင်ငံသို့ ပြပွဲမတိုင်ခင် လာရောက်လေ့လာကြည့်ရှုခဲ့ကြပါသည်။ ရွှေတိဂုံစေတီတော်အပါအဝင် ပုဂံဒေသနှင့် မန္တလေးမြို့ရှိ ထင်ရှားကျော်ကြားသော နေရာများနှင့် ပြတိုက်များသို့လည်း သွားရောက်လေ့လာခဲ့ကြသည်။ နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ရုံးမှလည်း လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ သာသနာရေးဝန်ကြီးဌာန၏ ညှိနှိုင်းဆောင်ရွက်မှု၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၏ ကြိုးကြပ်ကွပ်ကဲမှု၊ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ထည်ထည်ဝါဝါ ဖြစ်ခဲ့ရပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ်၍ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ ရေရှည်တည်တံ့အောင် မွမ်းမံထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြတိုက်များကိုလည်း မြန်မာ့အမျိုးသားယဉ်ကျေးမှုဆိုင်ရာ ဗဟိုဌာနများအဖြစ် လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အသိပညာဗဟုသုတများ အမွေအနှစ်များ၏ သတင်းအချက်အလက်ဗဟိုဌာနအဖြစ် လည်းကောင်း ရည်မှန်းချက်များထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြပွဲကာလသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့်လည်း တိုက်ဆိုင်လျက်ရှိပါသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဖော်ကျူးထားသည့် ကဗျာစာဆိုကြီး ဒေါက်တာထီလာစစ်သူ၏ ရောဝတီ ယန်စီ၊ ချစ်ကြည်တေးဆို ကဗျာများစာအုပ်ရှိ ယူနန်ပြည်သွားကဗျာစု(၄)မှ နောက်ဆုံးပိုဒ်ကို ဖော်ပြရင်း "မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲကြီး"ကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**"မြန်မာတရုတ်၊ လက်ကိုင်ဆုပ်လျက်**
**ပေါင်းဖက်တွဲညီ၊ မေတ္တာသီကြ**
**ထောင်ချီနှစ်ပေါင်း၊ ကြာရှည်ညောင်းလည်း**
**မပြောင်းမလဲ၊ အခွန့်ရှည်"**




## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်ရှိ အကွက်အမှတ် ၁၄/ခ(ကောင်းမှုမြောက်) ဦးပိုင်အမှတ် ၂၂ မြေဧရိယာ ၀.၁၁၃မ၆၅၀ဧကနှင့် အကွက်အမှတ် ၁၄/ခ (ကောင်းမှုမြောက်) ဦးပိုင်အမှတ် ၂၃ မြေဧရိယာ ၀.၁၁၃မ၉၈၀ဧက၊ စုစုပေါင်း ဧရိယာ ၁.၁၁၃မ၆၃၀ဧက မြေချပါမစ်အမည်ပေါက် ဦးစိုင်းစိန်ဝင်း ၉/ခအဓ (နိုင်) ၀၀၅၂၇၄ ပိုင်ဆိုင်သော မြေအား အထူးကိုယ်စားလှယ်လွှဲစာဖြင့် လွှဲပြောင်းခြင်းခံရသူ ဦးကျီးဆွေ(ခ)ရဲအောင် ၁၃/မဆတ(နိုင်)၀၄၁၄၅၉၉မှ ၄င်းမြေဧရိယာ ပတ်လည်၌ ခြံကာရံခြင်း ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျီးဆွေ(ခ)ရဲအောင်
၁၃/မဆတ(နိုင်)၀၄၁၄၅၉၉
ကောင်းမှုတုံရပ်ကွက်၊ မူဆယ်မြို့




## သာသနပါလ ဆွမ်းလောင်းအသင်း ငွေရတုအခမ်းအနားကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၄

ကျောက်ပန်းတောင်းမြို့ သာသနပါလ နေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်း၏ (၂၅)နှစ်ပြည့် ငွေရတုအခမ်းအနားကို နိုဝင်ဘာ ၂၅ရက်မှ ဒီဇင်ဘာ ၂၆ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောက်ပန်းတောင်း မြို့နယ်သူမြို့နယ်သားများ ဦးကျော်ဝင်းထွန်း ဖုန်း-၀၉-၂၂၀၁၆၅၊ ၀၆၁-၅၀၃၅၉နှင့် ငွေရတုအခမ်းအနား ကျင်းပရေး ကော်မတီထံသို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

**ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း သပြေခန်းမ၌ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ရက်ကကျင်းပရာ ခြောက်ဘာသာ ဂုဏ်ထူးရှင် မရွှန်းလဲ့မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဇော်က ဆုပေးအပ်ချီးမြှင့်စဉ်။**

(၀၁၀)






## ကမ္ဘောဇဘဏ်လီမိတက်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားငွေရောင်းဝယ်ရေးကောင်တာများဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်များသို့ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချခွင့်လိုင်စင်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ထုတ်ပေးလျက်ရှိပြီး ကမ္ဘောဇဘဏ်လီမိတက်ကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများကို ဖွင့်လှစ်ခဲ့ရာ နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်နှင့်ပြည်ပထွက်ခွာ)တို့တွင် Kanbawza Bank Currency Exchange Counter နှစ်ခုကို ထပ်မံဖွင့်လှစ်လိုက်သည်။ **(ယာပုံ)**

ကမ္ဘောဇဘဏ်လီမိတက်မှ အောက်တိုဘာ ၁ရက်တွင် အမှတ် (၉၉/၁၀၃) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင်ဘဏ်လမ်းနှင့်မဟာဗန္ဓုလပန်းခြံလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့နှင့် ကမ္ဘောဇဘဏ်ခွဲ(၄)အမှတ်(၂၃)ခင်စောမူကွေ့ မန္တလေးမြို့တွင်လည်းကောင်း နိုင်ငံခြားငွေရောင်းဝယ်ရေးကောင်တာများကို ဖွင့်လှစ်၍နိုင်ငံခြားငွေများကိုဝယ်ယူရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**




## စတုဒိသာကျွေးမွေးလှူဒါန်း

ပုသိမ် နိုဝင်ဘာ ၄

ပုသိမ်မြို့ မရမ်းချိုလမ်းနေ ဦးသန်းဦး-ဒေါ်စိုးစိုးရီ၊ သမီး မဆုရတနာဗိုလ် မိသားစုက (သီတင်းကျွတ်လပြည့်ကျော်၁ရက်) အောက်တိုဘာ ၁၃ရက်တွင် ပဋ္ဌမအကြိမ် စတုဒိသာကျွေးမွေးလှူဒါန်းပြီး ပရဟိတဂေဟာနှင့် ဘိုးဘွားရိပ်သာမှ သက်ကြီးရွယ်အိုဘိုးဘွားများအား စားသောက်ဖွယ်အာဟာရများနှင့် လှူဖွယ်ပစ္စည်းများ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(၀၇၇)

## KNUအဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၄

ကရင်ပြည်နယ် မြဝတီမြို့နယ် တုံးတံတားကျေးရွာနေ ဦးကိုနိုင်(၄၅)နှစ်သည် ညီဖြစ်သူ ဦးဆန်းဝင်းနှင့်အတူ သစ်ဝါးခုတ်ရန်သွားရောက်စဉ် နိုဝင်ဘာ ၃ရက် နံနက် ၁၀ နာရီခွဲခန့်က ရွာ၏တောင်ဘက်တစ်မိုင်ခန့်အကွာ ကျောက်တောင်အနီး၌ KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ဦးကိုနိုင်၏ ဝဲဘက်ခြေထောက်တွင် ခြေချင်းဝတ်အထက်မှပြတ် ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူတို့က မြဝတီမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကရင်ပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကလို့ထူးဘောတပ်ဖွဲ့ (ယခင် DKBA)တို့ ပဏာမ ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၄

**ကရင်ပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကလို့ထူးဘောတပ်ဖွဲ့ (ယခင် DKBA)တို့သည် ၂၀၁၁ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ဘားအံမြို့၌ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကြပြီး ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ပဏာမ ငြိမ်းချမ်းရေး သဘောတူညီချက် (၅)ချက်ကို လက်မှတ်ရေးထိုးကြသည်။**

## လက်မှတ်ရေးထိုး

ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင် ခေါင်းဆောင်သော ကရင်ပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အဖွဲ့ဝင် လေးဦးနှင့် ကလို့ထူးဘောတပ်ဖွဲ့၏ ဒုတိယခေါင်းဆောင် ဦးစောမူရှေး ခေါင်းဆောင်သော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အဖွဲ့ဝင် လေးဦးတို့ နှစ်ဖက် တွေ့ဆုံဆွေးနွေးညှိနှိုင်းကြပြီး (၁) ကရင်ပြည်နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ကလို့ထူးဘောတပ်ဖွဲ့တို့သည် (၆-၁၁-၂၀၁၁)ရက်နေ့မှစ၍ အပြန်အလှန် ပစ်ခတ် တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရန် သဘောတူသည်။ (၂) ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားစဉ်ကာလအတွင်း ကလို့ထူးဘောတပ်ဖွဲ့သည် ဆုံဆည်းမြိုင်နေရာ ပတ်ဝန်းကျင်တွင် ယာယီအခြေပြုနေထိုင်ရန် သဘောတူသည်။ (၃) နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောဆိုဆက်ဆံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် ကလို့ထူးဘောတပ်ဖွဲ့အား မြဝတီမြို့တွင် ယာယီဆက်ဆံရေးစခန်း ဖွင့်လှစ်ရန် သဘောတူသည်။ (၄) ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားစဉ်ကာလအတွင်း နှစ်ဦးနှစ်ဖက် သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန်၍ လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမည်။ (၅) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့နှင့် ဗိုလ်ချုပ်စောလားပွယ် ခေါင်းဆောင်သော ကလို့ထူးဘောတပ်ဖွဲ့မှ အဆင့်မြင့် ငြိမ်းချမ်းရေးဆွေးနွေးမည့် ပုဂ္ဂိုလ်များသည် နှစ်ဦးနှစ်ဖက် သဘောတူညီသောနေရာ၊ သဘောတူညီသော အချိန်ကာလတို့တွင် တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တပ်ဖွဲ့ဝင်များ အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆွေးနွေးသွားနိုင်ရေးများကို သဘောတူသည်ဟူသည့် ပဏာမ သဘောတူညီချက် (၅)ချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ကရင်ပြည်နယ် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့နှင့် ကလို့ထူးဘော တပ်ဖွဲ့ (ယခင် DKBA) တို့ ငြိမ်းချမ်းရေး တည်ဆောက်ရန် အတွက် ပဏာမ ငြိမ်းချမ်းရေး သဘောတူညီချက် (၅)ချက်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်နှင့် ကလို့ထူးဘောတပ်ဖွဲ့၏ ဒုတိယခေါင်းဆောင် ဦးစောမူရှေးတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# လွှတ်လပ်ခြင်း အနုပညာရုပ်ရှင်ပွဲတော် ကျင်းပပြုလုပ်ရေးအတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ဒါရိုက်တာကိုသူရ(ခ)ဇာဂနာ တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၄

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်သည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လွှတ်လပ်ခြင်း အနုပညာရုပ်ရှင်ပွဲတော်ကို ဦးစီးပြုလုပ်မည့် ဒါရိုက်တာကိုသူရ(ခ)ဇာဂနာအား ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် ရုပ်ရှင်ပွဲတော်ကို သတ်မှတ်ထားသော မူဘောင်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပပြုလုပ်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အခြေအနေ၊ ပါဝင်မည့် ဇာတ်ကားများကို ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ဇာဂနာကလည်း ရုပ်ရှင်ပွဲတော် ကျင်းပပြုလုပ်ခြင်းနှင့်သက်ဆိုင်သော ဇာတ်ကားများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှတစ်ဆင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ တင်ပြဆင်ဆာခွင့်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

မကြာသေးမီကာလက ဝသန်မှတ်တမ်းနှင့် ဇာတ်လမ်းတို ရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှတစ်ဆင့် တင်ပြလာသည့်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေဖြင့် အဆင်ပြေချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရန် ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ယခုကျင်းပပြုလုပ်မည့် လွှတ်လပ်ခြင်း အနုပညာရုပ်ရှင်ပွဲတော်ကိုလည်း ဒုတိယမြောက်ကျင်းပသော မှတ်တမ်းနှင့် ဇာတ်လမ်းတို ရုပ်ရှင်ပွဲတော်အဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်**

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ**

“ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်” စာ-၄

**ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေး (၄၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပ**

“အဆို (၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းများ ဆောင်ရွက်” စာ-၆

**အလုံးအလဲဖြင့် သရေပွဲဖြစ်သွားသည့် လေးနိုင်ငံ လက်ဝှေ့ပွဲ**

“မြနန်းတော်(မြန်မာ)က လက်သီးချက်ဖြင့် လုဆီရာ(ထိုင်း)ကို ပထမအချီနှင့် ဒုတိယအချီတွင် အသာစီးရခဲ့သော်လည်း....” စာ-၇

5-11 (20).pmd 1 11/5/2011, 3:07 AM